ကောင်းဆုသာစာပေ

စီစဉ်သူ - မောင်မေခ

# နီနီနိုင် (သထုံ)

## လောကသုံးပါး အသင်လူသား

မဂ္ဂဇင်းဝတ္ထုတို စုစည်းမှု



# သန်းခေါင်းယံမောဟ

ဦးသာရင်နဲ့ ဒေါ်ရွှေလှိုင်တို့ လင်မယားဟာ အသွင်တူလို့ ပေါင်းဖက်ခဲ့ကြတာ မဟုတ်ဘဲ အသွင်မတူဘဲ ပေါင်းဖက်ခဲ့ကြတာ၊ အခုဆို အိမ်ထောင်သက် သုံးဆယ်ကျော်တော့မယ်။ သားတစ် ယောက် သမီးတစ်ယောက် ထွန်းကားပြီး အသိုက်အမြုံ ခွဲထွက်လို့ တစ်နယ်တစ်ကျေး ရောက်နေပြီ။

ဦးသာရင်ဟာ အရင်က ကုန်သွယ်ရေးကော်ပိုရေးရှင်းတစ်ခု မှာ ဂိုထောင်မှူးလုပ်ခဲ့ဖူးတယ်။ အခုတော့ အငြိမ်းစားပေါ့။ အငြိမ်း စားယူပြီးကတည်းက တက္ကစီတစ်စီး ဝယ်ပြီး ကားဆွဲတယ်။ အသက် ခြောက်ဆယ်ထဲ ဝင်လာတော့ ကားကို တစ်နေ့ တစ်သောင်းနဲ့ အငှား မောင်းစေပြီး သူ့အတွက် စီးပွားရေးက မပူပင်ရတော့ဘူး။ နယ်မှာ ရောက်နေတဲ့ သားနဲ့ သမီးကလည်း အဆင်ပြေလို့ မိဘနှစ်ပါးကို လာစဉ် ထောက်ပံ့တော့ ဦးသာရင်တို့ လင်မယားအဖို့ ပိုလျှံနေသေး တယ်။ ဦးသာရင် ကားမမောင်းတဲ့ အချိန်ကစပြီး ရပ်ကွက်ထဲမှာ သာရေးနာရေးမှာ အလုပ် လုပ်တယ်။

နိုင်ငံတော် အစိုးရက ချထားပေးတဲ့ ဒဂုံမြို့သစ်က မြေကွက် မှာ တစ်ထပ်တိုက်လေးတစ်လုံး ပိုင်ထားပြီး ရပ်ကွက်ရဲ့ ဓမ္မာရုံ အမှုဆောင် တစ်ဦးလည်း ဖြစ်တယ်။ ပူစရာ မလိုတော့ဘဲ ဘဝမှာ အေးရာအေး ကြောင်း ရှာဖွေပြီး နေထိုင်ကျင့်သုံးလို့ ပျော်နေပြီ။

ဒေါ်ရွှေလှိုင်က တစ်မျိုး။ ဘာသာရေးလုပ်သလို ကိုယ်တော် တွေကို ပါ ကိုးကွယ်တယ်။ လူမှုရေးကျတော့ မလုပ်တာတော့ မဟုတ် ဘူး။ နတ်တွေ၊ ဓာတ်တွေ ကိစ္စဆိုရင် သူ့ကို ဆရာတင်လို့ ကတော့ အိမ်အထိ လိုက်လုပ်ပေးတယ်။ တချို့က ပြောကြတယ်။ ဒေါ်ရွှေလှိုင် က နတ်နဲ့ လက်ထပ်ထားသလိုလို ဘာလိုလိုနဲ့ ။ ဒေါ်ရွှေလှိုင်မှာ အယူ အဆတစ်ခုရှိတယ်။ အဲဒါက ဘယ်သောခါမှ အသုဘအိမ်တို့ ၊ အသုဘပို့တို့ မသွားဘူး။ ပုဂ္ဂိုလ်တွေက ခွင့်မပြုလို့ တဲ့ ။ ဒီအချက်တွေ က ဦးသာရင်နဲ့ ဆန့်ကျင်ဘက်ပေါ့။ အိမ်မှာ လည်း ဘုရားအပြင် ဆိုင်ရာ ပိုင်ရာတွေကိုလည်း ကိုးကွယ်လို့ ဘုရားပန်းဝယ်ရင် တပွေ့ တပိုက်။ သူ ကိုးကွယ်ရာ မှန်သမျှအကုန်ရှိတော့ သူ့အိမ်ရဲ့ ဘုရား ခန်းက ဓာတ်ခန်းဆိုပြီးတော့တောင် ပြေားသေးတယ်။ ဦးသာရင် ကတော့ ဘုရားမှ တစ်ပါး ကိုးကွယ်ရာမရှိဆိုတဲ့ လူမျိုးဆိုတော့ လင် မယားနှစ်ယောက် ကီးမကိုက်တာ အမှန်ပဲပေါ့။

''ဦးလေးရေ... ဦးလေး''

''ဟဲ့ ဘယ်သူလဲ။ ကျီးမနိုးသေးဘူး ။ လာ ခေါ်နေပြီးလား''

ဒေါ်ရွှေလှိုင် အိမ်ရှေ့ တံခါးဖွင့်လိုက်ရင်ပဲ လမ်းထဲက မောင်မျိုးကို တွေ့လိုက်တယ်။ မောင်မျိုးက ဦးသာရင်လို ရပ်ကွက် သာရေးနာရေးအသင်းက ဖြစ်တယ်။

''ဒေါ်လေး ဦးလေးကို နှိုးပေးပါဦး။ အဘဦးရွှေကျော် မနက် လေးနာရီက ဆုံးသွားလို့ ''

''အမယ်လေးတော် စောစောစီးစီး ငါ့အိမ်ကို အမင်္ဂလာသတင်း လာပြောရတယ်လို့ ။ နေဖင်ထိုးအောင် စောင့်ပါဦးလား... မောင်မျိုးရယ် ''

ဦးရွှေကျော် ဆုံးပြီဆိုတဲ့ သတင်း ကြားပြီးတာနဲ့ ဦးသာရင်ကအိမ်ရှေ့ရောက် လာပြီ။ ဒီလိုပဲလေ ရပ်ကွက်ထဲမှာ ဘာလေးဖြစ်လိုက် ဖြစ်လိုက် ကြားတာနဲ့ မပင့်တဲ့ ဘုန်းကြီးက သင်္ကန်းတရုံရုံဖြစ်တယ် ဆိုတဲ့ လူမှုရေးဆရာကြီးလေ။

''မလှိုင်ရာ… မင်းစကားပြောတာလည်း မဟုတ်သေးပါဘူး။ မင်္ဂလာကွ၊ မင်္ဂလာ။ မင်းရော မသေတော့ဘူးလား''

''အလိုတော် ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေတော်။ ကိုယ်တော် တို့ ရယ် အမိုက်အမဲကို ခွင့်လွှတ်ပါဘုရား''

ဒေါ်ရွှေလှိုင် တောင်းပန်ကာ ရှိသေး ဦးသာရင်က မျက်နှာ ကမန်းကတန်း သစ်ပြီး မောင်မျိုးနဲ့ လိုက်သွားတော့တယ်။

ဒေါ်ရွှေလှိုင်က ထမင်းချက်နေရင်း ဦးသာရင်ကို စိတ်ထဲက မေတ္တာပို့နေတော့တယ်။ ခဏအကြာ ဒေါ်ရွှေလှိုင်က ထမင်းချက်ပြီး ဆွမ်းတော်ကပ်၊ မေတ္တာပို့ပြီး ဈေးသွားဖို့ ပြင်လိုက်တယ်။ ဈေးသွား ရင် ဦးရွှေကျော်အိမ်ရှေ့က သူ ဖြတ်သွားရတော့မယ်။ ဒါကတော့ မဖြစ်သေးဘူး။ ဝေးရင်လည်း ဝေးပါစေဆိုပြီး နောက်ဖေးလမ်းက သူ ဈေးသွားတယ်။

''ဒေါ်ရွှေလှိုင် ဘယ်လဲ''

ဟော… ကြည့် စပ်စုပြီး။သူ့အကြောင်း အသိသားကို စပ်စု တာဖြစ်လို့ စိတ်တိုသွားတယ်။

''ဆွဲခြင်းကြီး ကိုင်ထားတာ ဈေးပေါ့အေ''

လမ်းထဲက မစန်းငွေးကို သူက ခပ်ငေါ့ငေါ့ ပြောလိုက်တယ်။

''ဈေးက ဟိုဘက်ခြမ်းလေဒေါ်ရွှေလှိုင်ရဲ့ ။ သြော် ဦးရွှေကျော် အသု

ဘရှိလို့ ကွေ့ပတ်လာတာကိုး''

ဒေါ်ရွှေလှိုင် စောစောစီစီး ဒေါသအလိပ်လိုက် တက်လာ တယ်။ စောစောစီးစီး မင်္ဂလာမရှိတဲ့ သတင်း ကြားပြီး အခုလို လှောင် ခံရတော့ စိတ်ဆိုးမိတာ အမှန်ပဲ။ ဒေါ်ရွှေလှိုင် မစန်းငွေကို တုံ့ပြန်ဖို့ စဉ်းစားရင်း...။

''နင်က ငါ့ကို လှောင်စရာလား။ နင့်လင် နောက်မိန်းမနဲ့ ရှုပ်တော့ ရိုးရာလေး တင်ချင်တင်လို့ ။ အုန်းလဲချင်လို့ နဲ့ ငါ့ကို ဆရာ လာတင်ပြီး တော့။ မှတ်ထား နောက်ကို ဘယ်တော့မှ လုပ်မပေးဘူး''

'' ဩော်... မရွှေလှိုင်ကလည်း စတာကို စိတ်ဆိုးနေပြန်ပြီ။ ကန်တော့ ကန်တော့ နောက်ဆို မစတော့ပါဘူး''

ဒီနေ့အဖို့ တစ်မနက်လုံး ဒေါ်ရွှေလှိုင် စိတ်မကြည်ဘူး။ မနက်စာ ချက်ပြုတ် စားသောက်ပြီး တရေးတမော အိပ်ဖို့ ပြင်တုန်း ကိုသာရင် ခြံထဲ ဝင်လာတယ်။

''ကိုသာရင် အင်္ကျီချွတ်ပြီး ရေပါတစ်ခါတည်း ချိုးပြီးမှ အိမ် ထဲဝင်''

''ပုဆိုးပါ ချွတ်လာရမလား''

''ရှင် ခွမတိုက်နဲ့ ။ အဝတ်အစားလဲဖို့ တန်းမှာ တစ်ခါတည်း တင် ပေးထားတာ မတွေ့ဘူးလား''

နေပူထဲက ပြန်လာရတဲ့ ဟာကို ရေပါ တစ်ခါတည်း ချိုးခိုင်း တော့ ဦးသာရင်ကလည်း စိတ်တိုတိုနဲ့ ရေချိုးပြီးမှ အိမ်ပေါ်တက် လာတယ်။

''တော်တော်လွန်တာပဲ။ ထမင်းဆာနေတာတောင် စားချင် စိတ်ပါ ပျောက်သွားတယ်။ မင်းလည်း သတင်းသွားမေးဦး။ ဦးရွှေ ကျော်သမီး တွေ မင်းဆေးရုံတက်တုန်းက လိုက်စောင့်ရှောက်တယ် လေ''

'' အို အသုဘရပ်အလောင်းကြီးနဲ့ မသွားချင်ပါဘူး။ နောက် နေ့မှ သွားမယ် ''

''ဟ... ရေဝေး ပို့လိုက်ပြီ။ တကတည်း သူကတော့ မသေမှာ ကြနေ တာပဲ။ မင်းသေရင်တော့ တစ်ရပ်ကွက်လုံး လိုက်ပို့မှာ ။ လူတိုင်း က မ သာအလောင်းတွေပဲ''

''ကိုသာရင်''

ဒေါ်ရွှေလှိုင် ကုန်းအော်ပစ်လိုက်ပြီး စိတ်တိုလွန်း အသားများ တော င် တုန်လာတယ်။ ဒါပေမဲ့ ညနေကျတော့ အသုဘအိမ် သတင်း သွားမေး ပြီး အိမ်ရှေ့မှာ ချထားတဲ့ စားပွဲ၊ ကုလားထိုင် မှာ ထိုင်ကာ သားသမီး တွေနဲ့ စကားစမြည်ပြောနေလိုက်တယ်။

ဒေါ်ရွှေလှိုင်ဟာ အသုဘဆိုရင် ငယ်ငယ်ကတည်းက ကြောက်တတ် သူပါ။ ဒီအသက်အရွယ်ထိ အသုဘမျက်နှာ မကြည့်ရဲ သေးသလို အခုလို ယုံကြည်ရာ ကိုးကွယ်မှုတွေ များ လာတော့ တရား သံဝေဂ မရတဲ့ အပြ င် အမင်္ဂလာလို့ တောင် အယူအဆရှိနေသူဖြစ်လို့ အသုဘနဲ့ ဒေါ်ရွှေလှိုင် က ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ရုံမက သေမင်းကိုတောင်မေ့လျော့ နေတော့တယ်။

*

''မလှိုင် မင်းရက်လည်မသွားဘူးလား။ မင်း တော်တော် လူမှုရေး ညံ့ ဖျင်းတာပဲ။ ကျေးဇူးရှိလို့ ရှိမှန်းမသိ၊ မင်းနဲ့ တော့ ခက်တယ်''

''ဩော်..ကိုသာရင်ရယ်။ သွားလည်း ဘာထူးမှာ လဲ။ ကျွန်မက အသု ဘအိမ်က အစားအသောက်တွေမှ မစားတာ။ ဒီအတိုင်း ငုတ်တုတ်ထိုင် နေလို့ ဘယ်ကောင်းပါ့မလဲ။''

''ဘာပဲဖြစ်ဖြစ်လေ တရားနာလေးဘာလေးတော့ သွားရမှာ ပေ့ါ။ မင်းလည်း အချိုးပြင်ဦး။ မအို၊ မနာ၊ မသေမှာ ကြနေတာပဲ ''

ဦးသာရင် စကားမှန်နေလေတော့ ဒေါ်ရွှေလှိုင် ငြိမ်ကုပ်နေ ပြီး ဘာစကား ပြန်ချေပရမှန်း မသိအောင် စဉ်းစားနေတယ်။

''ရှင် လုပ်ပေးနေတာပဲ။ ကျွန်မ ပါရဦးမလား... ။ ရှင်သာ မသာနဲ့ ဖက်အိပ်။ ကျွန်မတော့ အမင်္ဂလာအလုပ်တွေ မလုပ်ချင်ဘူး''

ဒေါ်ရွှေလှိုင် အယူသီးပုံကတော့ သြချလောက်ပါတယ်။ မသာနဲ့ ဒေါ်ရွှေလှိုင်က ရန်သူဖြစ်သလို လူမှုရေးရော ဘာရော သူနဲ့ မဆိုင်သလိုနေတယ်။

''ဒေါ်ရွှေလှိုင်။ ဒေါ်ရွှေလှိုင်''

''ဟဲ့... ဘာလဲ မောင်စိုး။ အိမ်ထဲဝင်လေ''

''မဝင်ဘူး ခင်ဗျားကြီးနဲ့ စာရင်းရှင်းမလို့ ''

''ဘာရှင်းစရာရှိလို့ လဲ ပြောစမ်းပါဦး''

''ခင်ဗျား ဘာအခုမှ မသိချင်ယောင်ဆောင်နေတာလဲ။ ကျုပ် မိန်းမကို ခင်ဗျားဘာပြောထားလို့ လဲ ပြန်စဉ်းစားပါဦး။ သုံးလအတွင်း အိမ်မှာ ဧည့်သည် လက်မခံရဘူး။

ဗိုက်ကြီးသည် လက်မခံရဘူးဆို။ အခု ကျုပ်အမေ နေမကောင်းလို့ ဆေးခန်းလာပြတာ ကိုယ်ဝန်ရှိတဲ့ ညီမလေးပါ ပါလာတော့ ကျုပ်မိန်းမက လက်မခံနိုင်ဘူးဆိုလို့ ကျုပ်နဲ့ အခုပဲ စကားများ လာတာ။ ခင်ဗျား ဘယ်လောက် နားလည်လို့ လဲ။ နတ်လိုလို၊ ဓာတ်လိုလိုနဲ့ တတ်ယောင်ကား လုပ်မနေနဲ့ ။ ကျုပ်က ဒါတွေ အယုံအကြည် မရှိဘူး။ ကျုပ် ဦးလေး ဦးသာရင်မျက်နှာ ထောက်လို့ နို့မို့ဆို ခင်ဗျား မလွယ်ဘူး''

အခြေအနေ မဟန်တော့ ဦးသာရင် ခြံဝထွက်ပြီး မောင်စိုးကို တောင်းပန်ဖို့ ဆင်းလိုက်သလို ဒေါ်ရွှေလှိုင်ကလည်း အိမ်ပေါ်က ဦးအောင် ခုန်ဆင်းလိုက်တယ်။

''ဘာပြောတယ်။ နင်နဲ့ ငါက အရွယ်တူလား။ လူကြီးကို မိုက်မိုက်ရိုင်းရိုင်း ပြောရတယ်လို့ ဘယ်သကပေါက်တာလဲ။ နင့်မိန်းမ ပဲ မနေနိုင် မထိုင်နိုင် နှစ်လုံးသုံး မွေးထိုးလို့ ကြွေးတွေ ဝိုင်းနေတာ လေ။ အဲဒါ ဘာလုပ်ရမလဲလို့ မေးလို့ လုပ်ပေးသင့်တာ လုပ်ပေးပြီး ညအိပ်ည နေ လက်မခံနဲ့ လို့ ပြောလိုက်တာ ဘာဖြစ်လဲ။ မင်းကျေနပ် ရင် လက်ခံ ပေါ့။ မကျေနပ်ရင်လည်း မင်းမိန်းမနဲ့ မင်းရှင်းပေါ့။ ငါ့ကို ဘာလာ ရန် တွေ့စရာလိုလဲဟဲ့''

''ကဲ... မောင်စိုးရယ်။ ဦးကပဲ တောင်းပန်ပါတယ်။ ဟဲ့မလှိုင် နင်က ဒီလိုနေရာမှာ သူများ အိမ်တွင်းရေး ဝင်ရှုပ်ရသလား။တယ်လေ ငါ မပြောလိုက်ချင်ဘူး''

''ရှင့်ကိစ္စ ရှင့်လုပ်သလို ကျွန်မလည်း လူမှုရေး အကျိုးဆောင် ပေး တာပဲ။ မကျေနပ်ရင် အကူအညီ မတောင်းနဲ့ ပေါ့။ ဒီကောင်လုပ်နဲ့ ကိုယ် တော်တွေ ပြန်တောင်းပန်ရဦးမယ်''

''မင်းနဲ့ တော့ ခက်တယ်။ ငါလည်း စိတ်ညစ် လာပြီ''

'' စိတ်ညစ်ရင် သေလိုက်ပေါ့တော် ''

''သေမယ် သေမယ်။ မင်းလက်ထဲမှာ သေပြဦးမယ်''

ဦးသာရင်ဟာ ဒေါ်ရွှေလှိုင်ကို ဒေါပွပြီး အပြင်ထွက်သွားသ လို ဒေါ် ရွှေလှိုင်ကတော့ ကိုယ်တော်တွေကို အမွေးတိုင်ထွန်းပြီး တောင်းပန်လေ ရဲ့ ။

မောင်စိုးနဲ့ အချောတင်စကားပြောပြီး နောက်ရက်မှာ ပဲ မောင်စိုးသားလေး အပူကြီးပြီး တက်သွားလို့ ကလေးဆေးရုံကို ပို့ လိုက်ရတဲ့ သတင်းဟာ ကူတို့ ဆိပ်မှာမှ ို့အိတ်ဖြေသလို တစ်ရပ်ကွက် လုံးရဲ့ နားတွေထဲမှာ ရောက်ကုန်တယ်။ ဒီသတင်းဟာ ဒေါ်ရွှေလှိုင်ကို အရောင်တင်ပေးသလို ဖြစ်သွားတယ်။ ဒေါ်ရွှေလှိုင်ကလည်း ပုဂ္ဂိုလ် များ ရဲ့ ဟောချက်က မှန်တယ်ဆိုပြီး လက်မထောင်လို့ ပေ့ါ။ ဒီကြားထဲ အိမ်နီးချင်း အချို့က

''ဘယ်လိုဖြစ်သွားလဲ ဒေါ်ရွှေလှိုင်။ ကိုယ်တော်တွေကိုပြန် ပြီး တောင်းပန် ပေးလိုက်ပါဦး''

'' လုပ်ပေးရမှာ ပေ့ါအေ။ ကျွန်မစကားမှ နားမထောင်ဘဲကိုး''

ဒီလို မင်္ဂလာယူတဲ့ ဒေါ်ရွှေလှိုင်ပါ။ ဒါပေမဲ့ မောင်စိုးရော၊ မောင်စိုးမိန်းမပါ မလာကြဘူး။ နှစ်ရက်၊ သုံးရက်အကြာ ကလေး ဆေးရုံက ဆင်းလာတော့လည်း မောင်စိုးမိန်းမ လာမလားလို့ စောင့် နေသေးတယ်။ အယုံအကြည် မရှိတဲ့ မောင်စိုးရဲ့ ဩဇာသြောင်းညာမှုကြောင့် ပဲလားတော့ မသိဘူး။ မောင်စိုးမိန်းမဆီက ဘာသံမှ ထွက် မလာဘူး။

''ဒေါ်ရွှေလှိုင်ဟောလိုက်သော မှန်လိုက်တာ'' ဆိုတဲ့ စကား သံကို ဒေါ်ရွှေလှိုင် ကြားချင်နေပေမယ့် မကြားရတော့ နေမထိ ထိုင် မသာ ဖြစ်နေတယ်။ မောင်စိုးဆီကပြေားမှားဆိုမှား ရှိပါတယ်ဆိုတဲ့ စကားသံလည်း သူ ကြားချင်တယ်။

''မလှိုင် နောက်ကို တတ်ယောင်ကား လျှောက်ပြောမနေနဲ့ ။ မောင်စိုးသား ဆေးရုံတက်ရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အရပ်ထဲက ပြောနေတယ်။ တိုက်ဆိုင်မှုတစ်ခုကြောင့် ဖြစ်ရတာ... ။ တော်တော် ကြာမင်းကို စုန်းမလို့ စွပ်စွဲကြလိမ့်မယ်''

''အို... တော်။ ရှင်ကပါ ကျွန်မကို အယုံအကြည် မရှိတော့ ဘူးပေါ့''

''မရှိဘူး။ မင်း တလွဲဆံပင်ကောင်းနေတာ။ အသုဘကျတော့ မင်းနဲ့ ဘာမှ မဆိုင်သလိုနေတယ်။ မင်းလည်း သေမှာ ပဲ။ ငါလည်း သေမှာ ပဲ။ တရားလက်လွှတ် မလုပ်နဲ့ ''

''ရှင် နိမိတ်မရှိတာတွေ ပြောမနေနဲ့ ။ အသုဘလည်း မရှုနိုင် ဘူး။ ရှင့်လို မသာလည်း မကိုင်နိုင်ဘူး။ ဘယ့်နဲ့ တော် တစ်သက်လုံး မသာကိုင်ဖို့ နေနေသာသာ မသာအိမ်ရှေ့တောင် ဖြတ်မလျှောက်တဲ့ လူကို အပြစ်မရှိ အပြစ်ရှာနေတယ်''

ဒေါ်ရွှေလှိုင် ဦးသာရင်ကို ငေါက်တော့ ဦးသာရင် ခေါင်း ကုတ်တယ်။ ပြီးတော့ ဒေါ်ရွှေလှိုင်ကို ဘယ်လို တရားချရမလဲလို့ စဉ်းစားရင်း စကားလုံး ရွေးနေတယ်။

''ကိုယ်အလှည့်ကျရင် နွဲ့လို့ မရဘူးနော်။ ပြီးတော့ မင်းနဲ့ ငါက လိုင်းမတူတော့ သံသရာခရီးလည်း တစ်လမ်းစီသွားရမှာ ပဲ။ ဘာပဲပြောပြော ဒီအရွယ်ကြီးမှ သင်္ချိုင်း မသွားချင်ရတာနဲ့ မသာအိမ် က အစားအသောက် မစားချင်ရတာနဲ့ ၊ မင်းသေရင်တော့ မသာအိမ်က ထမင်းထုပ်တော့ စားရမှာ ပဲ''

တရားလက်ကိုင်ထားတဲ့ ဦးသာရင်စကားကြောင့် ဒေါ်ရွှေလှိုင် အနာပေါ်တုတ်ကျသလို ဆွေ့ဆွေ့ခုန်သွားပြီး ဦးသာရင်ကို ကုန်း အော်ပစ်လိုက်တယ်။

''တော်ပါတော့ သောတပန်ကြီးရယ်။ အမင်္ဂလာ စကားတွေ မပြောပါနဲ့ တော့။ ရှင်နဲ့ ကျွန်မ ရန်မဖြစ်ချင်တော့ဘူး ''

ဒေါ်ရွှေလှိုင် စူအောင့်အောင့်နဲ့ ထမင်းချက်ဖို့ မီးဖိုထဲဝင် လိုက်တော့

ဦးသာရင်ရဲ့ သက်ပြင်းချသံကို ဒေါ်ရွှေလှိုင် ကြားလို့ မျက် စောင်းထိုးလိုက်သေးတယ်။

*

'' ဦးလေး ဦးသာရင် ဖုန်းလာတယ် ''

မျက်စောင်းထိုး တစ်အိမ်ကျော်က လှမ်းခေါ်တော့ ဦးသာရင် ပြေးသွားသလို ဒေါ်ရွှေလှိုင်ကလည်း နယ်က သားသမီးတွေ ဖုန်းဆက်တယ် အထင်နဲ့ ခြံတံခါးပိတ်ပြီး နောက်က လိုက်သွားတယ်။

''ဘာ... ဘာပြောတယ်။ ဘယ်နေရာမှာ လဲ''

''အေးသိပြီ သိပြီ။ ငါ အခုလာမယ်''

ဦးသာရင်ရဲ့ ပြာပြာသလဲဖြစ်နေပုံကို ကြည့်ပြီး ဒေါ်ရွှေလှိုင် ရင်တုန်နေပြီ။

''ကိုသာရင်ရဲ့ ဘာဖြစ်တာလဲ ပြောပါဦး''

''တို့ ကား ကလေးတစ်ယောက်ကို တိုက်မိပြီး အခြားကား တစ်စီးကိုပါ တိုက်မိလို့ တဲ့ ။ ငါ လိုက်သွားလိုက်ဦးမယ်''

ဖုန်းအိမ်က အကျိုးအကြောင်း မေးတာကိုတောင် ရေရေရာ ရာ မပြောနိုင်ဘဲ ဦးသာရင်ဟာ အိမ်ကို မပြေးရုံတမယ် ပြန်လာခဲ့တယ်။

''မလှိုင်။ နင့်မှာ ငွေဘယ်လောက်ရှိလဲ။ ရှိတာ အကုန်ပေး စမ်း''

''အဲ့ဒါကြောင့် ကျွန်မပြောတာပေ့ါ။ သက်မောင်ဆိုတဲ့ လူကို ပေး မ မောင်းပါနဲ့ လို့ ပြောတာ... ။ သောကရောက်တတ်ပါတယ်လို့ တဖွဖွ ပြောတာ လက်မခံပဲကိုး''

''အရေးထဲကွာ။ မင်းတရား နာမနေနိုင်ဘူး။ ပိုက်ဆံမြန် မြန်ပေး''

ဦးသာရင်က ဒေါ်ရွှေလှိုင် မပေးချင် ပေးချင်နဲ့ ဖြစ်နေတဲ့ ပိုက်ဆံထုပ် ကို ဆွဲယူလိုက်တယ်။ ဒေါ်ရွှေလှိုင့်အကျင့်လည်း ကြက်က ရေသောက်ပြီး သေးမပေါက်သလိုပဲ ဝင်ပြီးရင် ဘယ်တော့မှ ပြန် မထွက်တတ်လို့ အထုပ်ဖြေကြည့်တော့ သုံးသိန်းပဲရှိတယ်။

''ဒါပဲလား၊ ကားအခြေအနေက ဘယ်လိုနေမှန်း မသိဘူး။ နောက်ထပ် နှစ်သိန်းလောက် ထပ်ပေး''

''လိုမှ ထပ်ယူပေ့ါတော်''

လက်ပေါက်ကပ်တဲ့ မိန်းမနဲ့ စကားအချေအတင် မပြောချင် လို့ လားတော့ မသိဘူး။ ဦးသာရင် ကမန်းကတန်း ထွက်သွားတော့ တယ်။ ဦးသာရင် ထွက်သွားပြီးတာနဲ့ တပြိုင်နက် ဒေါ်ရွှေလှိုင်က ဘုရားရှိခိုးတယ်။ ပြီးမှ သက်ဆိုင်ရာပုဂ္ဂိုလ်များကို တောင်းပန်၊ ယပ် တောင်သွင်းနေတာ သက်ရှိများ ဆိုရင် အအေးပတ်လောက်တယ်။ အလျော်အစား နည်းဖို့ လူ မသေဖို့ တဖွဖွရွတ်နေတယ်။ ဒီကြားထဲ ခြစ်ခြစ်တောက် ပူနေတဲ့ အပူရှိန်ကြောင့် ချွေးစေးတွေ ပြန်ပြီး ပျော့ ခွေကာ ဧည့်ခန်းမှာ တုံးလုံးလှဲနေရတယ်။ အိမ်နီးချင်းတွေ သတင်း မေးလာကြတောင် ဖြေစွမ်း မရှိတော့ဘူး။

''ဒေါ်လှိုင် ခြေဖျားလက်ဖျားတွေ အေးစက်နေတာပဲ။ ဆေး ခန်း လိုက်ပို့ပေးရမလား''

ခြေရင်းအိမ်က ဒေါ်သန်းကြည် မေးကြည့်တော့ ဒေါ်ရွှေလှိုင် ခေါင်းခါပြရင်း သူ့လည်ပင်းက နှစ်ကျပ်သားဆွဲကြိုးကို ကိုင်ကြည့် မိတယ်။ ဒါတင်ဘယ်ကဦးမလဲ လက်မှ ဝတ်ထားတဲ့ လက်ကောက် ငါးကွင်း။ ဒါတွေလည်း မကြာခင် ဒီထက်မက ကားပျက်စီးရင်၊ လျော်ရရင် သားသမီးတွေဆီ လက်ဖြန့်ရတော့မယ်။ ဒေါ်ရွှေလှိုင် ရင်မောစွာနဲ့ တစ်နေ့

လုံး ဦးသာရင်အပြန်ကို စောင့်မျှော်နေတယ်။ ဦးသာရင်ကလည်း တော်တော်နဲ့ ပြန်မလာနိုင်ဘူး။ ည (၈)နာရီ လောက်မှ မောပန်းစွာ ပြန်လာတော့တယ်။

''ကိုသာရင် အခြေအနေပြောပါဦး''

''ပြောမယ်ပြောမယ်။ အတိုက်ခံရတဲ့ ကလေး မသေလို့ တော် သေးတယ်။ ဒါပေမဲ့ ခြေထောက်ကျိုးလို့ ဆေးရုံပို့လိုက်ရတယ်။ ဆေးဖိုးဝါးခ ကတော့ ကောင်းတဲ့ အထိ တာဝန်ယူရမယ်။ ငါတို့ ကား က အင်ဂျင် ကွဲသွားတယ်။ ဘောနတ်တွေလည်း ပြန်ထုရမယ်။ အတိုက်ခံရတဲ့ ကားကိုလည်း ပြင်ပေးရမယ်။ အားလုံး သိန်းအစိတ် လောက် ကုန်မယ်။ ပိုက်ဆံမလောက်ရင် မင်းရွှေတွေ ချွတ်တော့''

ဦးသာရင်က သွယ်ဝိုက် မနေတော့ဘဲ အခြေအနေမှန်ကို အပိုအလိုမရှိ တဲ့ တိုးပြောတော့ ဒေါ်ရွှေလှိုင် မျက်လုံးပြူးသွားတော့ တယ်။

''အဲ့ဒါကြောင့် ပြောတာပေါ့။ တစ်နှစ်အတွင်း အသုဘအိမ် မသွားနဲ့ဆိုတာ... ။ ပြောမရတော့ ရှိတာလေး ကုန်ပြီပေါ့''

ဦးသာရင် ''ဝုန်းခနဲ'' ကြမ်းပြင် ထုချလိုက်တယ်။

''မင်းအဲဒီအကြောင်းတွေကို ဆက်ပြောရင် ငါ သည်းမခံနိုင် ဘူး။ ဘယ့်နှယ့်ဗျာ စိတ်ညစ်ရတဲ့ အထဲ ဒါပဲ ပြောနေတာ... ''

ဦးသာရင် ကိုယ်တိုင်က စိတ်ပင်ပန်းတာရော၊ လူပင်ပန်း တာရော၊ မခံနိုင်ဘဲ ဧည့်ခန်းထဲမှာ ဆန့်ဆန့်ကြီး အိပ်နေရှာတယ်။

ဒေါ်ရွှေလှိုင် ထမင်းမစားနိုင်သလို ဦးသာရင်လည်း ထမင်း မစားနိုင်တော့ပါ။ တစ်နေ့လုံး နေပူထဲမှာ ဟိုပြေး၊ ဒီပြေးလုပ်ရတော့အသက်အရွယ်အရ မခံနိုင်တော့ဘဲ ခြေပစ်လက်ပစ် ဖြစ်နေရှာတယ်။ အိမ်နီးချင်း

တွေရဲ့ မေးမြန်းမှုတွေကိုလည်း မဖြေချင်ပေမယ့် ကြိုးစား ပြီးဖြေနေတာ ညအိပ်ချိန်ရောက်တဲ့ အထိပါပဲ။ ဒီကြားထဲ အသုဘ ကိစ္စတွေ လိုက်လို့ ဒီလိုဖြစ်တာဆိုပြီး ဒေါ်ရွှေလှိုင်က တစ်ယောက်လာ တစ်ခါပြောနေလို့ ဦးသာရင် အမြင်ကပ် လာပြီ။

''မလှိုင်...ငါပင်ပန်းနေလို့ အိပ်တော့မယ်'' ဆိုပြီး အိပ်ရာ ထဲဝင်သွားတော့တယ်။

''အဲ့ဒါသာကြည့်တော့ ပြောစကား နားမထောင်လို့ အခု တော့ စိတ်ဆင်းရဲရပြီလေ''

အိမ်နီးချင်းတွေပြန်မှ ဒေါ်ရွှေလှိုင် တံခါးပိတ်ပြီး အိပ်ရာဝင် လိုက်တယ်။ ဦးသာရင်တစ်ယောက် ဟောက်တောင်ဟောက်နေပြီ။ ဒေါ်ရွှေလှိုင် စိတ်ဆင်းရဲလွန်းလို့ ချက်ချင်း အိပ်မရဘဲ ညသန်းခေါင် ကျော်မှ အိပ်ပျော်သွားတော့တယ်။

ဒေါ်ရွှေလှိုင် နိုးတော့ မိုးစင်စင်လင်းနေပြီ။ အိပ်ရာထက်က ကမန်းကတန်း ထပြီး ထမင်းအိုး တည်၊ ဈေးသွားဖို့ ပြင်ဆင်လိုက် တယ်။ မိုးလင်းခါစပဲရှိသေးတယ် နေမင်းကြီးက အစွမ်းကုန် ကဲဖို့ တာဆူနေပြီ။

''စိတ်ညစ်တဲ့ လူကြီးရေ ထပါတော့ ။ ဝပ်ရှော့သွားရဦး မယ်ဆို ကျွန်မ ဈေးသွားတော့မယ်''

ဒေါ်ရွှေလှိုင်က ဦးသာရင်ကို လှုပ်နှိုးလိုက်တယ်။ ဦးသာရင် က တုပ်တုပ်မှ မလှုပ်။ မနေ့က နေပူပူထဲမှာ စိတ်မော၊ လူမောဖြစ် နေရှာမှာ ပဲလို့ ရှားရှားပါးပါး ကြင်နာမှုနဲ့ တွေးလိုက်မိတယ်။

''ကိုသာရင်...ကိုသာရင် ထတော့လေ''

ဒေါ်ရွှေလှိုင် ဦးသာရင်ကို နောက်တစ်ကြိမ် လှုပ်နှိုးလိုက်ပြန် တယ်။

ဦးသာရင် မနိုးတော့ ဒေါ်ရွှေလှိုင် သူ့ဘက်ကို ဆွဲလှည့်လိုက် တယ်။

''အမယ်လေး... လာကြပါဦးတော်။ မမြင့်တို့ ၊ ကိုသန်းမောင် တို့ လာကြပါဦး။ ဒီမှာ နင်တို့ ဦးလေ နှိုးလို့ မရတော့ဘူး။ ကိုသာ ရင်၊ ကိုသာရင် ''

ဘေးအိမ်က လူတွေ ပြေးလာကြတယ်။ ခေါင်းရင်အိမ်က ဘကြီး အေးမောင်လည်း အပြေးအလွှား ရောက် လာပြီး ဦးသာရင်ကို စမ်းကြည့်တော့ အေးစက်တောင့်တင်းနေပြီ။ နှာခေါင်းဝနဲ့ နှုတ်ခမ်း အစပ်မှာလည်း သွေးစအချို့တွေ့ရတယ်။ အိမ်နီးချင်း ကိုသန်းမောင် က လမ်းထိပ် ဆေးခန်းမှာ ထိုင်တဲ့ ဆရာဝန်ဦးဝင်းတင်ကို ပင့် လာပြီး ဆရာဝန်က စမ်းသပ်မှု လုပ်ကြည့်တော့ မနက် နှစ်နာရီလောက် ကတည်းက ကွယ်လွန်သွားကြောင်း အတည်ပြုပေးတယ်။ အိမ်မှာ ကွယ်လွန်တယ်ဆိုတော့ ဆေးရုံပို့ခိုင်းဖို့ နာရေးအသင်းကို အကူအညီ တောင်းပြီး ဆေးရုံကြီး ပို့လိုက်ရတယ်။ ခွဲစိတ်ကြည့်တော့ ဦးနှောက် သွေးကြောပြတ်တယ်ဆိုတဲ့ အဖြေ ထွက်လာတယ်။

ဒေါ်ရွှေလှိုင်က ဖြေဆည်းမနိုင်အောင် ငိုလို့ မဆုံးဘူး။ သား သမီးတွေကိုလည်း ဖုန်းဆက် အကြောင်းကြားတယ်။ အခုတော့ အသုဘကြောက်တဲ့ ဒေါ်ရွှေလှိုင်ဟာ အသုဘအိမ် ဖြစ်ပြီ။ ပြီးတော့ လူသေကြောက်တဲ့ ဒေါ်ရွှေလှိုင် လူသေနဲ့ တစ်ညလုံး တစ်ခုတင်တည်း အိပ်ခဲ့ရပြီးဖြစ်လို့ တစ်ရပ်ကွက်လုံး ငိုအားနဲ့ ရယ်အားသန်ဆိုသလို တီးတိုး တီးတိုး သဖန်းပိုးလုပ်နေကြတယ်။

''အသုဘကြောက်တဲ့ လူ မသာနဲ့ အတူ အိပ်ဖူးသွားတော့ မှတ်ကရော''

ဆိုပြီး ပြောကြတဲ့ စကားတွေ ဒေါ်ရွှေလှိုင်ကြားရင် ဘာ ဆင်ခြေပေး

ဦးမယ်မသိပါ။

ရန့်သစ် မဂ္ဂဇင်း

ဒီဇင်ဘာလ၊ ၂၀၁၁ခုနှစ်။

*